မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F.* ___ *Volume 9/Issue 9/September/2017*

## တစ်ပတ်တွင် - တစ်ရက်

ခြောက်ရက်ပတ်လုံး အလုပ်ကို ကြိုးစား၍ လုပ်ဆောင်လော့။
သတ္တမနေ့ရက်သည် သင်၏ဘုရားသခင် ထာဝရဘုရား၏ ဥပုသ်နေ့ဖြစ်၏။
ထိုနေ့၌ သင် ... အလုပ် မလုပ်ရ။ ထွက် ၂၀း၉-၁၀

**ဘုရားသခင်အတွက် အသက်ရှင်ရန် အထံတော်သို့ တိုးဝင်ခိုလှုံပါ။**

ဘုရားသခင်၏လူမျိုးတော် ဣသရေလတို့ အီဂျစ်ပြည်မှ လွတ်မြောက်လာပြီးသည့်နောက် ခေတ္တရပ်ပြီး ဘုရားသခင်နှင့် ဤလောကကြီးကို မျှော်ကြည့် မျက်မှောက်ပြုရန်၊ အချိန်ယူရန်၊ ၎င်းတို့ကို ကိုယ်တော် မိန့်ကြားခဲ့သည်။ ဖာရောဘုရင်၏ လက်အောက်၌ အချိန်ပြည့် အနားမရဘဲ အလုပ်လုပ်ခဲ့ရ၍ ဣသရေလလူတို့အတွက် ဘုရား၏စတုတ္ထပညတ်မှာ အလွန်သိသာ ကွဲပြားခြားနားသော မိန့်ကြားတော်မူချက်ဖြစ်သည်။

တစ်ပတ်တာအတွင်း တစ်ရက်ကို ဖယ်ထားပြီး၊

ဘုရားသခင်၏ ... ဖန်ဆင်းခြင်း ၊

အီဂျစ်ပြည်တွင် ... ကျွန်ခံရာဘဝမှ လွတ်မြောက်ခဲ့ခြင်း ၊

ဘုရားသခင်နှင့်သူတို့၏ ... ရင်နီးမိတ်သဟာယပြုခြင်း ၊

၎င်းတို့ တစ်ဦးချင်းစီသည် ပြန်လည်အားသစ်လောင်းရန် လိုအပ်ခြင်း ၊ စသည့်အရေးကြီးသော အမှုအရာများကို ပြန်ပြောင်းအောက်မေ့ရန် အခိုင်အမာ တောင်းဆိုထားသည်။

ထိုနေ့တွင် ပျင်းရိ အားလပ် နေရမည့်နေ့ မဟုတ်ဘဲ၊

ဘုရားသခင်ကို ...

ကျေးဇူးတင်ခြင်း၊

ဂုဏ်ပြုကိုးကွယ်ခြင်း၊

အထံတော်၌ ခိုလှုံခြင်းများ ပြုရမည့် နေ့ရက် ဖြစ်သည်။

ထိုနည်းတူ၊ ကျွန်ုပ်တို့သည်လည်း ခန္ဓာပိုင်းပြန်လည် လန်းဆန်းစေရန်၊ စိတ်ပိုင်းဆိုင်ရာ လန်းဆန်းစေရန်နှင့် ဘုရားသခင်၏ဖန်ဆင်းခြင်းလက်ရာများကို ကြည့်ရှုဆင်ခြင်ရန်အလို့ငှာ စဉ်းစားဆင်ခြင်ပြီး၊ ငြိမ်ဝပ်စွာ နေရန် ကိုယ်တော်ရှင် ခေါ်တော်မူ၏။

ဖတ်ရန်။ ။(က၊ ၂း၂) (တရား၊ ၅း၁၂-၁၅) (ဗြ၄-၆)၊(ထွက်၊ ၃၁း၁၂-၁၈)

# *2017, September*




September 4, 2017

| 2017 SEPTEMBER | | | | | | |
|---|---|---|---|---|---|---|
| SUNDAY | MONDAY | TUESDAY | WEDNESDAY | THURSDAY | FRIDAY | SATURDAY |
| | | | | | 1 | 2 |
| 3 | 4 | 5 | 6 | 7 | 8 | 9 |
| 10 | 11 | 12 | 13 | 14 | 15 | 16 |
| 17 | 18 | 19 | 20 | 21 | 22 | 23 |
| 24 | 25 | 26 | 27 | 28 | 29 | 30 |




September 10, 2017

## B.C.F. September Events

*09/ 03/ 2017 ... Regular Sunday Service*
*[Sermon by Rev. Livingstone Zan]*
*09/ 10/ 2017 ... Holy Communion*
*09/ 17/ 2017 ... Regular Sunday Service*
*B.C.F. Official Board Meeting*
*09/ 24/ 2017 ... B.C.F. Seniors & Grandparents Day*
*[Sermon by Rev. Samuel Saw]*

## B.C.F Worship time

*Sunday Service ... 2:00PM*
*Children Sunday School ... 2:15 PM*
*BCF Youth ... 2:15 PM*

## B.C.F Worship Place

*1337 Farmstead Ave.*
*La Puente, CA 91745*

## Grandsparents are Special
## Happy Grandsparents Day

၂၀၁၇ခုနှစ်၊ စက်တင်ဘာလ၊ ဒုတိယတနင်္ဂနွေနေ့တွင် ကျရောက်သော ‘ဘိုးဘွားများနေ့’ကို ကြိုဆိုပါ၏။

အိမ်ထောင်မိသားစု၌ဖြင့်၊ အသင်းတော်၌ဖြင့်၊ အသက်ကြီး၍ သက်ကြွယ်ဘဝသို့ ရောက်ရှိလာသော ဘိုးဘွားတို့သည် ဘုရားသခင်ထံမှ လာသော ကောင်းကြီးမင်္ဂလာ ဖြစ်သည်။

တမန်တော်ကြီး ရှင်ပေါလုက တိတုအားဖြင့် သက်ကြွယ်သူ ယောကျ်ား၊ မိန်းမ တို့၌ ပြည့်စုံရမည့် ဝိသေသဂုဏ်ပုဒ်များမှာ၊–

သက်ကြွယ်အမျိုးသားများ (သို့) အသက်ကြီးရင့်သောယောကျ်ားတို့သည် ...

- သမ္မာသတိရှိသောသူ၊
- တည်ကြည်သောသူ၊
- ဣန္ဒြေစောင့်သောသူ၊
- ယုံကြည်ခြင်း၊ ချစ်ခြင်း၊ သည်းခံခြင်း၌ စိတ်သန်သောသူ၊ ဖြစ်ရမည်။

သက်ကြွယ်သောအမျိုးသမီးများ (သို့) အသက်ကြီးရင့်သောမိန်းမတို့သည် ...

- ကျင့်ကြံ ပြုမူရာမှာ ဓမ္မအမှုနှင့် ထိုက်တန်သောသူ၊
- မချောစားတတ်သောသူ၊
- စပျစ်ရည်၌ မလွန်ကျူးတတ်သောသူ၊
- ဆုံးမဩဝါဒပေးသောသူ၊
- ကောင်းသောအတတ်ကို ကိုယ်တိုင် သင်ပေးတတ်သောသူ၊ ဖြစ်ရမည်။

(တိတု၊၂း၃–၄)

# လွမ်းဆွတ်ခြင်းများနှင့်အတူ ထာဝရဘုရားကိုသိသော အဖိုးအဖွားများ

ရိုးစင်း၍ ကြားဖူးနားဝ ဖြစ်နေကျ လွန်ခဲ့သောနှစ်ပေါင်း ၃၀–၄၀ ဝန်းကျင်က အဖိုးအဖွားများ၏ သမရိုးကျ ဆုတောင်းတတ်သော မထူးဆန်းခဲ့သော ခေါက်ရိုးကျိုး ဆုတောင်းချက်မှာ၊–

**“ကျွန်ုပ်၏မြေးကလေးများသည် မပျက်မစီးဘဲ အစဉ်အတိုင်း ကြီးပွားလျက် ဘုရားသခင်ရှေ့၊ လူတို့ရှေ့မှာ မျက်နှာရသော မြေးကလေးများ ဖြစ်စေတော်မူပါ။”**

ကျွန်တော့်အဖိုးကတော့ သူ၏မြေး(၈)ယောက် (တစ်ယောက်ရုတ်တရက်ကွယ်လွန်သူ) ၏နာမည် အပြည့်အစုံကို ဖော်ပြပြီး မိသားစုညဝတ် သူ့အလှည့်ကျတိုင်း ဆုတောင်း ပေးခဲ့သည်။ ထိုစဉ်က သာမည အလွတ်ရနေသော ဆုတောင်းချက်ဟုသာ ခံစားမိခဲ့သည်။ အရွယ်ရောက်လာတော့မှ အဖိုး၏ဘုရားသခင်ထံမှ ကောင်းချီးကို ကျွန်တော်တို့အတွက် အသနားခံ တောင်းရှောက်၍၊ သူ၏မြေးများကို ထပ်ဆင့် ကောင်းချီးပေးခဲ့ခြင်းဟု သဘောပေါက်မိတော့၏။ စာဖတ်သူများလဲ ကျွန်တော့်ကဲ့သို့ အဖိုးအဖွားများမှ သူတို့ ယုံကြည်ကိုးကွယ်သောဘုရားထံမှ ကောင်းချီးမင်္ဂလာများစွာကို တဆင့် ယူဆောင်ပေးလျက် သားအချစ် မြေးအနှစ် ဆိုသကဲ့သို့ လက်ခံရရှိပြီး၊ အဖိုးအဖွားများ၏ ကျေးဇူးကို အောက်မေ့တသ နေကြမည်ဟု ယုံကြည်လျက်၊– ဤလူငယ်အားမာန် စာစောင်မှတဆင့် ကျွန်ုပ်တို့၏ အဖိုးအဖွားများကို ဂုဏ်ပြုလွမ်းဆွတ် လိုက်ရပါတော့သည်။

ဤနောက်ပိုင်း ရေးသားသော အက်ဆေးတပုဒ်သည် ကျွန်တော်နှင့် ကျွန်တော်၏အဖိုးနှင့်သက်ဆိုင်သော အချက်အလက်များသာ ဖြစ်ပါသည်ဟု Grandparents Day နှင့်အတူ တင်ဆက် အသုံးတော်ခံ လိုက်ပါသည်။

နေပူမိုးရွာမရှောင် ဘုရားရှိခိုးကျောင်းသို့သွားလျှင် အပေါ်အင်္ကျီ (တိုက်ပုံ) ကို အမြဲဝတ်သွားတတ်သည်။ မပျက်မကွက် အချိန်နာရီ နှင့် တကွ မိမိ၏တာဝန် ဝတ္တရားများကို သစ္စာရှိစွာ နေထိုင်သက်ရှင်သွားသည်။ မည်သူ့ကိုမျှ ဒုက္ခမပေးခဲ့၊ သောကလဲမပေးခဲ့။ အဖိုးသည်သူ၏အိမ်ကို လုံခြုံစွာထိန်းသိမ်းထားခဲ့သည်။ အိမ်သို့ဝင်သောတံခါးများ၌ လျှို့ဝှက်ခလုပ်များရှိခဲ့သည်။ မိသားစုဝင်များနှင့် နီးစပ်သောဆွေမျိုးများသာ သိခွင့်ရှိသည်။ သောက်ရေနှင့် သုံးရေကို ခွဲခြားထားသည်။ ဤသည်မှာ ကျန်းမာရေးအတွက်ဖြစ်ကြောင်း နောက်မှသိရသည်။ အိမ်အပေါ်ထပ်သို့ ရေပို့သော စံနစ်ကိုလဲ ချစ်စရာကောင်းအောင်ပြုလုပ်ပေးထားသည်။ သူ့ခြေ၊ သူ့လက်၊ သူ၏စိတ်ကူးစိတ်သန်းများသည် ယခု တွေးကြည့်လျှင် ဗိသုကာတစ်ယောက်၏ လက်ရာနှင့် ယှဉ်နိုင်ပါသည်။ ခွေးများ၊ လမ်းဘေးအမှိုက်ပုံမှခွေးပေါက်စများ ယူဆောင်လာပြီး၊ သူ၏အိမ်၌ အိမ်စောင့်ခွေး မပြတ်ရအောင် လေ့ကျင့်မွေးမြူထားတတ်သည်။ အဖိုး၏ခွေးများသည်လိမ္မာသည်။ သူ့စကားသော်ဖြင့်၊ အိမ်သားများ၏စကားကိုဖြင့်၊ အဆက်ဆက် နားထောင်ခဲ့ကြသည်။

ဂျပန်ခေတ်က .. သူ၏အမဲလိုက်သေနတ်များ မြှုပ်သောနေရာ၊ ဗုံးခိုကျင်း ပြုလုပ်ခဲ့သော နေရာတို့ကို ကျွန်တော့်ကိုပြောပြခဲ့ပါတယ်။ တခါတရံ သူ၏ဖခင်(ကျွန်တော်၏ဘိုးကြီး) အကြောင်း တချို့ပြောပြတတ်ပါတယ်။ ပဲခူးရိုးမ တကြောမှာ သူ၏အမဲလိုက် ပုံပြင်များနှင့်လဲ ကျွန်တော်ပျော်ခဲ့ရပါတယ်။ ခုအခါ ကျွန်တော့်သားသမီးတွေကို အဖိုးအကြောင်း ပြန်ပြောပြရင် ဘာတွေ လာပြောနေတာလဲလို့ အပြောခံရမှာ သေချာပါတယ်။ နံနက် အိပ်ယာမှထပြီး ကော်ဖီ နှင့် ဘိန်းမုန့် (သို့) ထမင်းကြော်လောက်စားပြီး၊ ၁၁နာရီ ဝန်းကျင် မနက်စာ ထမင်းဟင်းစားဘို့ မီးဖိုထဲမှာ ထိုင်နေတတ်ပါတယ်။ ကျွန်တော်တို့ကို ငယ်ငယ်ကထဲက ကြည့်ရှုလာတဲ့ အစ်မတွေကျွေးတဲ့ ထမင်းနဲ့ ဟင်းစားတဲ့အခါ၊ ကြက်သွန်နီတစ်စိတ်ကို ငပိရည် နှင့် တို့စားတတ်သော အဖိုးကို သေသည်အထိ မျက်စိထဲက ထွက်မှာ မဟုတ်တော့ပါ။ ဤမြင်ကွင်းသည် ငယ်ငယ်က တွေ့နေကျ မြင်ကွင်း ဖြစ်ပါသည်။ "အဖိုးကို .. ဟိုဟင်းလေး ချက်ကျွေးပါလား။ အဖိုး .. ဒါလေး စားချင်လို့ပါ။" – လို့၊ ကျွန်တော့်တသက် တခါမျှ မကြားခဲ့ဖူးပါ။ ငြီးငြူခြင်း၊ မြီတွန်တောက်တီးခြင်း အသံကို ကျွန်တော့် အဖိုးထံမှ ကြားရဖို့ ဝေးလေ – ဝေးလေ ဟိုးအဝေးကြီးမှာပါဘဲ။ "စည်းကမ်းရှိခြင်း၊ စနစ်တကျ နေထိုင် သက်ရှင်သွားခြင်းဖြင့် ဘုရားသခင်ကို သိမြင်နိုင်အောင် လမ်းပြသော ကျွန်တော့်အဖိုး၏ ပုံသက်သေ ကတော့ ဒီတသက်မေ့နိုင်မှာ မဟုတ်တော့ပါ။" ကျွန်တော်က ဟိုခေတ်စကားနဲ့ဆိုရင် နဲနဲနယ်ချဲ့ တတ်တယ်။ အဖိုးရဲ့မြေးဦး မဟုတ်တော်လည်း အမွေတွေကို အဖိုးဆီက လိုချင်တယ်။ ဖြစ်ချင်တော့ အဖိုးရဲ့ **Bank Account** ကို မတော်တဆ မြင်ဘူးပြီး၊ ကျွန်တော့်ကို အဖိုးရဲ့ ဘဏ်ထဲက ပိုက်ဆံတွေ ပေးပါ။ အဖိုးရဲ့ပိုက်ဆံ ဘယ်လောက်ရှိတာကို ကျွန်တော်သိနေပါတယ် ပြောတော့ အဖိုးက ပြုံးနေတယ်။ ကျွန်တော်ကလဲ မရနိုင်မှန်း သိသိရက်နဲ့ အမြဲတမ်း ပြောနေလိုက်တယ်။ သူရဲ့ ပိုက်ဆံတွေ မရရင်လဲ တခုခုတော့ ရအောင်တောင်း ယူမယ် ဆိုပြီး၊ အဖိုးရဲ့ လက်သမားပစ္စည်းတွေကို တောင်းကြည့်တယ်။ ဒါလဲ မရခဲ့ပါ။ "ကျွန်တော် .. ကျွန်းကလေးမှာ အလုပ် သွားလုပ်တော့မယ်။ အဖိုးရဲ့ အမှတ်တရ လက်ဆောင် နဲ့ အမွေ ဖြစ်ဖြစ် ကျွန်တော့်ကို ပေးလိုက်ပါ။" ပြောတော့မှ သူသုံးနေကျ ဆေးတံတစ်ချောင်းကို ကျွန်တော့်အား ပေးလိုက်ပါတော့တယ်။

ကျွန်တော့် အဖိုးရဲ့အိမ်အရိပ် အောက်က ထွက်ခွာပြီး၊ နိုင်ငံရဲ့ပြင်ပမှာ အလုပ်တွေလုပ်နေချိန် အဖိုး၏သူ့လက်ရေးနဲ့ ရေးသောစာများကို ဖတ်ပြီး နေထိုင်ခွင့်ရခဲ့ပါတယ်။ ကျွန်တော်သည် သူ၏မေတ္တာနှင့်ကောင်းချီးပေးခြင်းကို သူ၏လက်ရေးစာကြောင်းလေးများမှတဆင့် မြောက်မြားစွာ လက်ခံရရှိပြီး ဖြစ်ပါတယ်။ ဤအမွေသည် .. ကျွန်တော် လိုချင်ခဲ့ပါသော သူ၏ဘဏ်စာရင်း ထဲက ငွေသားထက် များစွာ ကွာခြားလျက် ရှိကြောင်း၊ လောက၌ အသုံးဝင်သော လက်သမားကိရိယာ တန်ဆာပလာများထက် အဆပေါင်းများစွာပို၍သာသော အဖိုး၏အမွေအနှစ် စစ်စစ် ဖြစ်ကြောင်း သိရှိနားလည် သဘောပေါက်ခဲ့ ပါတော့သည်။

တနေ့တော့၊ အလုပ်နားရက်မဟုတ်ဘဲ အစောကြီး အလုပ်ကိုပြန်လာခဲ့တယ်။ အစ်ကို၏ မိသားစု ကျွန်းကလေးကိုလာလည်တာ အကြောင်းလုပ်ပြီး အိမ်မှာနားနေတုံး အဖိုးပေးတဲ့ဆေးတံနဲ့စတိုင်ထုတ်နေချိန် .. ဖြန်းကနဲ့ဆို အဖိုးမရှိတော့ကြောင်း သတင်းက ရောက်လာပါတော့တယ်။ ထိုနေ့ .. ထိုအချိန်နာရီသည် ကျွန်တော်က အမှန်တကယ် တင်းကြပ်သောအလုပ် ထဲ၌ ရှိနေရမှာ ဖြစ်ပါတယ်။ နိုင်ငံရပ်ခြားမှာရှိနေသော မိသားစုဝင်များအနက် ကျွန်တော်သည် ပထမဦးဆုံး အဖိုး၏သတင်းကို လက်ခံရရှိသူဖြစ်ပါသည်။ အဖိုးနဲ့အဝေးကြီးမှာနေခဲ့ရသော ထိုရက်တရက်၌သာလျှင် သူ၏ဆေးတံကို သုံးလိုခြင်း အိမ်၌ တစ်ယောက်တည်း ရှိနေခြင်းတို့ဖြင့် အဖိုးသည် ကျွန်တော့်ကို နောက်ဆုံး နှုတ်ဆက်သွားခဲ့ပါတယ်။

ငယ်ငယ်တုံးက အဖိုးနဲ့ပတ်သက်တဲ့အကြောင်းတွေ ပြန်စဉ်းစားရင်တော့ အများကြီးပါ။ သူ၏ဇနီး (ကျွန်တော်၏အဖွား) ၏အုတ်ဂူကို သူ၏လက်နှင့် တည်ဆောက်ခဲ့ပါသည်။ အိမ်ခေါင်မိုးကဲ့သို့ အချွန်အတက်များပါဝင်တာကြောင့် တကမ္ဘာလုံးမှာ အဖွား၏အုတ်ဂူသည် တခုတည်းသာ ရှိပါမည်။ သူ့အကြောင်းပြချက်က သူ့ဇနီးအုတ်ဂူပေါ်မှာ လူနှင့်တိရိစ္ဆာန်များ တက်နင်းကျော်လွှားခြင်းမရှိအောင် ဆောင်ရွက်ထားခြင်း၊ သက်သက်မျှသာ ဖြစ်သည်ဟု သိရပါသည်။

အုန်းသီးအခွံကို အလဟဿ မပစ်ထုတ်ဘဲ၊ သူ၏တူမများ ဆံကေသာ၌ အလှဆင်ရန် ပန်းခက်လေးများနှင့် ပုံဖော်၍ သော်၎င်း၊ ထမင်းခူးခတ်ရန် အုန်းမှုတ်ခွက် ဇွန်းကလေးများကို၎င်း၊ လှလှပပ ခိုင်ခိုင်ခံ့ခံ့ ဖြစ်စေ၍၊ လူအများကို လက်ဆောင်အဖြစ် ပေးခဲ့ပါသည်။ မီးရထားရုံးကြီးဘေးက ကျွန်တော်နဲ့ကားမောင်းသွားတိုင်း သူ့အလုပ်ရုံးခန်း နေရာကို ပြရတာ မမောနိုင်အောင် ပါဘဲ။


ကျွန်တော်ရဲ့အဖိုး အကြောင်းကို အတိုချုပ်ပြီး ပြောရရင်တော့၊ ဘုရားသခင် အပေါ်မှာ သော်၎င်း၊ သူချစ်သောအသင်းတော်နှင့် ဆွေမျိုးမိသားစုအပေါ်မှာ သော်၎င်း၊ သစ္စာရှိစွာ မိမိလုပ်ရမည့်ဝတ္တရားများကို မပျက်မကွက် တာဝန်ယူခြင်းဖြင့် တန်ဖိုးရှိသော လူသားတစ်ယောက် အဖြစ် အသက်ရှင်ပြ သွားခဲ့ပါတော့တယ်။

ကျွန်တော့် အဖိုးနှင့်အဖွား ကြိုက်နှစ်သက်သော ကျမ်းစာမှာ၊– ဆာလံကျမ်း ၁ နှင့် ၂၃၊ ဓမ္မသီချင်းမှာ ၃၇၀ ၊ ၂၅၄ ၊ ၁၂ တို့ဖြစ်ကြသည်။ အဖိုး၏ပြင်ပသဏ္ဍာန်ကြည့်လိုက်ရင် နူးနူးညံ့ညံ့၊ သိမ်သိမ်မွေ့မွေ့၊ ပျော့ပျော့ပြောင်းပြောင်း ဟုမထင်ရသော်လည်း၊ စာရေးခြင်း၊ သီချင်း၊ ကဗျာများ မစပ်ဆိုခဲ့သော်လည်း၊ သူ၏နှလုံးသားမှအနုပညာဆန်ပုံများ၊ သူ့သမီးတွေကို ချိုအီလွန်း၊ ချိုရီလွန်းတဲ့။ ကျွန်တော့်အဖိုးကတော့ တကယ့်ကို လွန်းကျန်ရစ်စရာ ကောင်းလောက်အောင် လွမ်းခဲ့ရပါတော့တယ်။

အချစ်များစွာဖြင့်၊

**ရိုးကြာဖြူ**

BCF



# ရေတွင်းထဲက ဖားသူငယ်ကဲ့သို့ အသက်ရှင်သူများ



လူတိုင်းလူတိုင်းမှာ ကိုယ့်ကိုကိုယ် ယုံကြည်တဲ့ စိတ်နှလုံးရှိကြတယ်။ သေချာစွာစဉ်းစားချင့်ချိန်မှု မပြုဘဲ၊ ကိုယ်က အကောင်းဆုံးလို့ ထင်၍ ကိုယ့်ကိုကိုယ်ဘဲ ယုံကြည်ပြီး အသက်ရှင်ကြတယ်။ အကယ်၍သာ နည်းနည်းလေးထပ်ပြီး လေးနက်စွာ စဉ်းစားကြည့်မယ် ဆိုရင် သူတို့လည်း အမှားတွေ အများကြီး ရှိတဲ့ အရာတော်တော်များများမှာ ကျရှုံးတဲ့အရာ သိလာကြမယ်။ ဒီအရာတွေကို သတိထားကြည့်ကြမယ်ဆိုရင်၊ “ငါစဉ်းစားတဲ့နည်းလမ်းက လုံးဝမှားနေပါလား။ ငါကောင်းကောင်းမလုပ်နိုင်ခဲ့ဘူးဘဲ။ ငါက လူတော်တစ်ယောက် မဟုတ်ဘူး။ ငါက မှားယွင်းနေပါ လား။”လို့ သိလာမှာ ဖြစ်တယ်။ သူတို့က ဒါတွေကိုဖွင့်ဟလက်ခံမယ်ဆိုရင် မိမိရဲ့ပုံစံကို မိမိကိုယ်တိုင်ရှင်းရှင်းလင်လင်း သိမြင်လာမှာဖြစ်တယ်။

လူတွေက မိမိရဲ့စစ်မှန်တဲ့ပုံရိပ်ကို ရှာဖွေမတွေ့ရှိခင်မှာ ကိုယ့်ကိုကိုယ် အရမ်းတော်တယ်လို့ထင်ကြတယ်။ ကိုယ့်ကိုကိုယ်ယုံကြည်ပြီး အသက်ရှင်တာက ဘယ်လောက် အန္တရာယ်ရှိတယ်ဆိုတဲ့အရာကို ထပ်မံသိရှိနိုင်ပါတယ်။ ကိုယ်က တစ်ဦးတစ်ယောက်ကို မယုံကြည်ဘူးဆိုလျှင် သူပြောတဲ့အရာက မှန်မမှန် စစ်ဆေးမှာ ဖြစ်တယ်။ ဒါပေမဲ့၊ တစ်ဦးတစ်ယောက်ကို ယုံကြည်ပြီ ဆိုတာနဲ့ သူပြောသမျှကို လက်ခံမှာ ဖြစ်တယ်။ ထို့အတူ ပါဘဲ မိမိကိုယ်ကို ယုံကြည်သူက ကိုယ့်ရဲ့အတွေးတွေကို ဘယ်တော့မှ ပြန်စစ်မှာ မဟုတ်ဘူး။ မှန်တယ်လို့ဘဲ ယုံကြည်မှာဖြစ်တယ်။ တကယ့်လက်တွေ့မှာတော့ လူတွေရဲ့ တွေးထင်တဲ့အရာက မကြာခဏမှားပြီး ချို့ယွင်းချက် ရှိတတ်ပါတယ်။

ကိုယ့်ကိုယ်ကိုသာ ယုံကြည်ရမယ်ဆိုတဲ့ နှလုံးသားထဲက လာတဲ့အရာက ပထမအဆင့်အတွေး ဖြစ်တယ်။ ဒီပထမအဆင့် အတွေးထဲမှာဘဲ ကျင်လည်နေတဲ့သူတွေက မူးယပ်ဆေးစွဲတဲ့ဘဝကဲ့သို့ မှားတယ်ဆိုတာကို မစဉ်းစားတတ်ကြဘူး။ နည်းနည်းထပ်ပြီး စဉ်းစားကြည့်မယ် ဆိုရင် သူတို့ရဲ့ စဉ်းစားတွေးခေါ်မှုတွေ အားလုံး မှားနေတယ် ဆိုတာကို သိလာကြမှာ ဖြစ်ပါတယ်။ အဲဒီအဆင့်ကို ဒုတိယတွေးခေါ်မှု လို့ ခေါ်ပါတယ်။ ဒုတိယအတွေးနေရာကနေ ကြည့်မယ်ဆိုရင် ပထမအဆင့် တွေးခေါ်မှုက လုံးဝမှားယွင်းနေကြောင်း သိနိုင်တယ်။ ကျွန်တော်တို့စိတ်ထဲကနေဖြစ်ပေါ်လာတဲ့ ပထမအဆင့်အတွေးနောက်ကိုဘဲ အလိုအလျောက် မလိုက်သင့်ပါဘူး။ ပထမအဆင့်အတွေးထဲဝင်လာပြီဆိုရင် “မတူတဲ့ရှုထောင့်က စဉ်းစားကြည့်ရအောင်၊ ဒီအတွေးတွေ တကယ်ဘဲမှန်ရဲ့လား။”လို့ သုံးသပ်သင့်ပါတယ်။

ဒီလိုနည်းနဲ့ ဘယ်အရာကိုမဆို ဆန်းစစ်ပိုင်းခြားသင့်ပါတယ်။

ဆင်ခြင်စဉ်းစားတဲ့အရာကို စိတ်အနှောက်အယှက်ဖြစ်တဲ့သူတွေက စိတ်ထဲမှာ ခဏတဖြုတ် ဖြစ်ပေါ်လာတဲ့ ပထမအဆင့်နောက်ကို ရိုးရိုးလေးဘဲ လိုက်သွားတတ်ကြတယ်။ နက်နက်နဲနဲဆင်ခြင်ခြင်းရဲ့ ပျော်ရွှင်ခြင်းကို သိတဲ့သူတွေက ပထမအဆင့် အတွေးလောက်မှာဘဲ အဆုံးသတ်လေ့မရှိဘူး။ သူတို့က ဒုတိယအဆင့် ထပ်၍စဉ်းစားကြည့်တဲ့အခါ အရင်က ယုံကြည်ခဲ့တဲ့ ပထမအဆင့် အတွေးက လုံးဝမှားယွင်းနေတဲ့အရာကို သိမြင်လာကြတယ်။ အခုအထိ ကိုယ့်ကိုယ်ကိုယုံကြည်နေတဲ့ သူတွေက ဘာတွေက မှားနေသလဲ ဆိုတာကိုတောင် မသိဘဲ ကိုယ်ပိုင်နည်းလမ်း၊ ကိုယ်ပိုင်အတွေးအခေါ် အတိုင်း ဆက်လက်နေထိုင်သွားကြတယ်။

ကိုယ့်ကို ကိုယ်အရမ်းတော်တယ်လို့ ယုံကြည်ပြီး သူတစ်ပါးကို အထင်အမြင်သေးတဲ့သူတွေက ဒီလမ်းကို သွားတတ်ကြတယ်။ ဘာကြောင့်လဲ ဆိုတော့ သူတို့ထက် ပိုတော်တဲ့ လူတွေကိုမတွေ့ဘူးသေးလို့ ဖြစ်တယ်။ သူတို့တွေက **ရေတွင်းထဲကဖား** နဲ့တူပါတယ်။ ရေတွင်းထဲက ဖားကရေတွင်း နံရံအတွင်းမှာ ရှိနေတဲ့အရာတွေဟာ သူမြင်နေရတဲ့အရာတွေ အကုန်ဘဲလို့ ထင်ခဲ့တယ်။ အဲဒီအရာတွေအားလုံးထဲမှာ သူကအကြီးမြတ်ဆုံး ဖြစ်နေတယ်လို့ ယုံကြည်ခဲ့တယ်။ ဒီလိုနေရင်းနဲ့တနေ့မှာ– ဖားသူငယ်က ရေတွင်းထဲက ခုန်ထွက်လာပြီး၊ ပထမဆုံး ကျွဲကို မြင်လိုက်တဲ့ အခါမှာ အရမ်းတုန်လှုပ် သွားခဲ့တယ်။ ကျဉ်းမြောင်းလှတဲ့ မိမိကမ္ဘာလေးထဲမှာ နေပြီး မိမိကိုယ် မိမိမြင့်မြတ်တယ်။ ကိုယ်တွေးခေါ်တဲ့ အရာတွေက အမှန်တွေဘဲလို့ ထင်တဲ့သူတွေက သူတို့ဘဝမှာ ခက်ခဲတဲ့ပြဿနာနဲ့ ရင်ဆိုင်လာရတဲ့အခါ၊ စိတ်ပျက်ခြင်းများနဲ့ဘဲ အဆုံးသတ်ကြတယ်။

ကျွန်တော်တို့က ဘဝမှာ ရှင်သန်တဲ့အခါ မိမိထက်ပိုတော်တဲ့သူတွေနဲ့ဆုံတွေ့ဘို့ လိုအပ်သလို ဆုံးရှုံးမှုဆိုတာကိုလည်း ကြုံတွေ့ဘို့လိုပါတယ်။ လူတွေက အမှားများစွာ ကျူးလွန်မိတဲ့အခါထင်ထားတာထက် မိမိကပိုပြီး သနားစရာကောင်းတဲ့သူ ဖြစ်တယ်လို့ သဘောပေါက်လာပါတယ်။ အဲဒီနောက် သူက စိတ်နှိမ့်ချသူ၊ ရိုးသားသူ၊ ကြိုးစားသူ၊ တစ်ယောက် ဖြစ်လာပါတယ်။ ကိုယ့်ကိုကိုယ် ကြီးကျယ်မြင့်မြတ်တယ်လို့ ထင်တဲ့အရာပေါ်မှာဘဲ သာယာတဲ့သူတွေက အခြားသူတွေပြောတာကို နားမထောင်ဘဲ ကိုယ့်ရဲ့အကြံအစည်အတိုင်း ရှေ့ဆက်သွားဖို့ တွန်းအားပေးရင်းနဲ့ အလုပ်ရှုပ်နေကြပါတယ်။ အဲဒီလို စိတ်မြင့်တဲ့လူတွေက ကိုယ့်ကိုကိုယ် ထိန်းချုပ်တတ်တဲ့ အရည်အချင်း မရှိတတ်ကြပါဘူး။

“မာရ်နတ်က ပျက်စီးခြင်း ရှေ့က သွားတယ်။ မောက်မာမှု နောက်မှာလည်း ဆုံးရှုံးခြင်းရှိတယ်။” လို့သမ္မာကျမ်းစာက ဆိုထားပါတယ်။ (သုတ္တံ၊ ၁၈း၁၂)

ကိုယ့်ကိုကိုယ်ကြီးမြတ်တယ်လို့ တွေးထင်တဲ့ ပထမအဆင့် အတွေးမှာဘဲ တဝဲဝဲတလည်လည်ဖြစ်မနေဘဲ ကိုယ်က ဘယ်လောက် အားနည်းသောသူ၊ မပြည့်စုံသောသူလည်း ဆိုတာကိုနားလည်ရမှာ ဖြစ်တယ်။

မိတ်ဆွေသာ နှိမ့်ချတတ်သောသူ အဖြစ် ပြောင်းလဲလာမယ် ဆိုရင်၊ မိတ်ဆွေရဲ့အသက်တာမှာ မရေတွက်နိုင်တဲ့ အကျိုးကျေးဇူးတွေ ခံစားရမှာ ဖြစ်ပါတယ်။ ။

**မေတ္တာဖြင့်**

**‹ကျေးဇူးတော်›**

# ဇာတိပကတိအကျင့် နှင့် ဝိညာဉ်ပကတိ၏အကျိုး

ငါပြည တ်သည်ကား၊ ဝိညာဉ်ပကတိအတိုင်းကျင့်ကြလော့။
ထိုသို့ကျင့်လျှင် ဇာတိပကတိ၏ အလိုသို့ မလိုက်ဘဲနေကြလိမ့်မည်။

အကြောင်းမူကား၊
ဇာတိပကတိနှင့် ဝိညာဉ်ပကတိသည် တပါးနှင့်တပါးဆန့်ကျင်သော အလိုရှိကြ၏။ တပါးနှင်တပါးဆန့်ကျင့်ဘက်ဖြစ်၍၊ သင်တို့သည် ကျင့်ချင်သောအကျင့်ကို မကျင့်နိုင်ကြ။

သို့သော်လည်း ဝိညာဉ်ပကတိအလိုသို့ လိုက်လျှင် ပညတ်တရားနှင့် လွတ်ကြ၏။

ဇာတိပကတိအကျင့်တို့သည် ထင်ရှားကြ၏။

**ဇာတိပကတိအကျင့်တို့မူကား၊ ...**

သူ့မယားကို ပြစ်မှားခြင်း၊ မတရားသော မေထုန်၌မှိဝဲခြင်း၊ ညစ်ညူးစွာကျင့်ခြင်း၊ ကိလေသာလွန်ကျူးခြင်း၊ ရုပ်တုကိုကိုးကွယ်ခြင်း၊ သူတပါးကိုပြုစားခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ရန်တွေ့ခြင်း၊ ဂုဏ်ပြိုင်ခြင်း၊ အမျက်ထွက်ခြင်း၊ ငြင်းခုံခြင်း၊ အချင်းချင်းကွဲပြားခြင်း၊ သင်းခွဲခြင်း၊ သူ့အကျိုးကိုငြူစူခြင်း၊ လူအသက်ကိုသတ်ခြင်း။ ယစ်မျိုးကိုသောက်ကြူးခြင်း၊ ပွဲလုပ်ခြင်းမှစ၍ ထိုသို့သော အကျင့်ပေတည်း။

**ထိုသို့သောအကျင့်ကို ကျင့်သော သူတို့သည် ဘုရားသခင်၏ နိုင်ငံတော်ကို အမွေမခံရ** ကြဟု အထက်က ငါပြောနှင့်ခဲ့ပြီးသည်အတိုင်း ယခုပင်လည်း ငါပြောနှင့်၏။

**ဝိညာဉ်ပကတိ၏အကျိုးမူကား၊ ...**

ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊ ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊ နူးညံ့သိမ်မွေ့ခြင်း၊ ကာမဂုဏ်ချုပ်တည်းခြင်း ပေတည်း။

ထိုသို့သော အကျင့် ကိုအဘယ်တရားမျှမမြစ်တား။

ခရစ်တော်နှင့်စပ်ဆိုင်သောသူတို့သည် ဇာတိပကတိကိုရင်း၊ ဇာတိပကတိစိတ် များနှင့် အလိုဆန္ဒများကိုရင်း၊ လက်ဝါး ကပ်တိုင်မှာ ရိုက်ထားထားကြပြီ။

သို့ဖြစ်၍ ငါတို့သည် ဝိညာဉ်ပကတိကြောင့် အသက်ရှင်လျှင်၊ ဝိညာဉ်ပကတိ အတိုင်း ကျင့်ကြကုန်အံ့။

အချည်းနှီးသော ကျော်စောကိတ္တိကိုတပ်မက်ခြင်း၊ အချင်းချင်းချုပ်ချယ်နှောင့်ရှက်ခြင်း၊ အချင်းချင်း ငြူစူခြင်း တို့ကို ရှောင်၍ နေကြကုန်အံ့။ **[ဂလာတိ၅း၁၆–၂၆]**

# The greatest thing is to love and be loved

